## Data Cleaning နှင့် Data Analysis Training ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

## ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

Data Cleaning နှင့် Data Analysis Training ဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၁၈) ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသည် အနာဂတ်တွင်ပြုလုပ်မည့် စစ်တမ်းများတွင် မိမိတို့ကိုယ်တိုင် Data Cleaning ပြုလုပ်နိုင်ရန်နှင့် အမှားများအားပြင်ဆင်ရာတွင် စဉ်းစားတွေးခေါ်နိုင်စွမ်းများ မြင့်တက်လာစေရန် ရည်ရွယ်ပါသည်။ သင်တန်းကို United Nations UniversityWorld Institute for Development Economic Research (UNU–WIDER) အဖွဲ့မှ ပို့ချသွားမည် ဖြစ်ပါသည်။ သင်တန်းသားများ သည် ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် မြန်မာနိုင်ငံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအရေအတွက်ဆိုင်ရာ စစ်တမ်းမှရရှိလာသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ Data CleaningကိုExcelဖြင့်လည်းကောင်း ၊ ကိန်းဂဏန်းအချက်အလက်များစိစစ်ခြင်းနှင့် ဂရပ်များရေးဆွဲနည်းကို Stata Software ဖြင့်လည်းကောင်း လေ့လာရမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၁၈) ရက်နေ့မှ (၂၂) ရက်နေ့အထိဖြစ်ပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်(ရုံးချုပ်)မှ သင်တန်းသားစုစုပေါင်း (၂၅) ဦးတက်ရောက်ခဲ့ကြပါသည်။

